ငတရော်ရွာ ကျေးရွာ

ငတရော်ကျေးရွာအုပ်စု၊ ရေစကြို့မြို့နယ်

မကွေးတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း

## (ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ငတရော်ရွာ ကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရေစကြို့မြို့နယ်၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

၂၀၁၈ ခုနှစ်၊ ဇူလိုင် လ

# မာတိကာ


၁။ တည်နေရာနှင့် ပထဝီအနေအထား

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

(င) ပညာရေး

(စ) ကျန်းမာရေး

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ) ကျား – မ ရေးရာ


၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁) - ဖွံ့ဖြိုးရေးဗျူဟာ ဇယား

နောက်ဆက်တွဲ (၂) - ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ


တောကြော်ကျေးရွာ သယ်ဆောင်ပြဇယားပုံ
၁၀ ဒီ ၂၀၁၈


ငတောရော်
ကာသိန္ဒဝင်ပြ ပြက္ခဒိန်
၁၀.၆.၂၀၁၈
အရောင်းအဝယ်
ကာလဒုတ
အလုပ်အကိုင်
ကျန်းမာရေး
ပွဲလမ်းသဘင်
ဝင်ငွေ
ထွက်ငွေ

စဉ် ငတရော် ဖွံ့ဖြိုးရေးအဖွဲ့အစည်းပြဇယားပုံ ၁၀.၆.၂၀၁၈

၁။ ပြည်စင်မေဒွန် B

၂။ အုပ်ချုပ်ရေးမှူး A

၃။ ဘာသာရေးအဖွဲ့ C

၄။ လူငယ်ပရဟိတ D

၅။ ရပ်မိရပ်ဖ E

၆။ အမျိုးသားအဖွဲ့ F


၇။ အမျိုးသမီးအဖွဲ့ K

၈။ လမ်းကော်မတီ G

၉။ မီးကော်မတီ I

၁၀။ စိုက်ပျိုးသူ H

၁၁။ ပတ်မြို့နိမော J



**၁။ တည်နေရာနှင့် ပထဝီအနေအထား**

ငတရော်ကျေးရွာသည် အနောက်ဘက်ရှိ ချင်းတွင်းမြစ်နှင့် (၂)မိုင်ခန့်အကွာ၊ အရှေ့ဘက်ရှိ ဧရာဝတီမြစ်နှင့် (၂)မိုင်ခန့်အကွာ၊ မြစ်ကြီး (၂)စင်း၏ အလယ်ဗဟိုတည့်တည့်တွင် တည်ရှိပါသည်။ ပထဝီမြေပြင်အနေအထားမှာ မြေပြန့်ဒေသဖြစ်ပြီး မြေနုကျွန်းဖြစ်သဖြင့် စပါး၊ ကုလားပဲ ၊ ပဲတီစိမ်း၊ နှမ်း၊ CP ပြောင်း၊ မြေပဲ၊ ပဲပိစပ်၊ ပဲငပိ၊ မတ်ပဲ၊ နေကြာတို့ကို စိုက်ပျိုးကြပါသည်။ အထွေထွေအုပ်ချုပ်ရေးရုံးစိုက်ရာ ရေစကြိုမြို့နှင့် ဆက်သွယ်မှုပြုရာတွင် ချင်းတွင်းမြစ်ကို ကူးတို့လှေဖြင့် ရေမိုင်များစွာ မောင်းနှင်၍ သွားကြရပြီး မြို့ပြနှင့် လမ်းပန်းဆက်သွယ်မှု၊ ကုန်စည်စီးဆင်းမှု အခြေအနေမှာ အခက်အခဲများစွာ ကြုံတွေ့ကြရပါသည်။ အဆိုးဆုံး အခြေအနေမှာ မြစ်နှစ်စင်း၏ မြစ်ရေကြီးချိန်၊ မြစ်ရေကျချိန်၊ မိုးရွာသွန်းသည့် အချိန်များတွင် ရွံနွံများ ထူထပ်သဖြင့် မြို့ပြနှင့် ဆက်သွယ်သွားလာရာတွင် အခက်အခဲများစွာ ကြုံတွေ့ကြ ရပါသည်။

**၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ**

မြေပြန့်ဒေသ လယ်ယာမြေနုကျွန်းဖြစ်ပြီး မြေဆီမြေလွှာ အသင့်အတင့် ကောင်းမွန်သော်လည်း ရေနည်းကာလ နွေရာသီအချိန်တွင် အားကိုးအားထားပြုနိုင်သည့် ဆည်မြောင်း တာတမံများ သီးခြားမရှိခြင်းကြောင့် အဝီစိရေတွင်းများတူးကာ မြေအောက်ရေကို ရေစုပ်စက်ဖြင့် ထုတ်ယူအသုံးပြု၍ စိုက်ပျိုးမှုကို ဆောင်ရွက်ကြပါသည်။ မိုးရာသီကာလ မြစ်ရေတက်ချိန်တွင် ကျေးရွာ၏ အရှေ့ဘက်နှင့် အနောက်ဘက်တွင် ချောင်းရိုးများရှိ၍ ထိုချောင်းရိုးများအတွင်း ဝင်ရောက်လာသော မြစ်ရေကို ရေစုပ်စက်ဖြင့် ရေသွင်းကာ စပါးသီးနှံများကို စိုက်ပျိုးကြပါသည်။ စပါးစိုက်ဧကမှာ (၈၀၀) ခန့်ရှိပြီး စပါးရိတ်သိမ်းပြီးပါက သီးထပ်အဖြစ် ကုလားပဲ ၊ ပဲတီစိမ်း၊ နှမ်း၊ CP ပြောင်း၊ မြေပဲသီးနှံများကို ထပ်မံစိုက်ပျိုးကြပါသည်။

ကျေးရွာတွင် သဘာဝသယံဇာတများ မထွက်ရှိပါ။ စိုက်ပျိုးရေးကိုသာ အရင်းအမြစ်အနေဖြင့် အားကိုးအားထားပြုကာ စိုက်ပျိုးဆောင်ရွက်ကြရပါသည်။

**၃။ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ**

**(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**

ကျေးရွာတွင် ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းအသီးသီးအတွက် စီမံခန့်ခွဲနိုင်ရန် အုပ်ချုပ်ရေးအဖွဲ့ ၊ ဘာသာရေးအဖွဲ့၊ ဖြူစင်မေတ္တာအဖွဲ့ ၊ လူမှု ကူညီရေးအဖွဲ့၊ လူငယ်ပရဟိတအဖွဲ့၊ရပ်မိရပ်ဖ အဖွဲ့၊ အမျိုးသားအဖွဲ့၊ အမျိုးသမီးအဖွဲ့၊ လမ်းကော်မတီ၊ မီးလင်းရေးကော်မတီ၊ စိုက်ဘဏ်၊ ပတ်မြန်မာ

စသည့် အဖွဲ့အသီးသီးတို့မှ မိမိတို့နှင့် သက်ဆိုင်ရာ ကဏ္ဍအလိုက် အများအကျိုးပြုလုပ်ငန်းများကို အချိန်နှင့်တပြေးညီ စနစ်တကျ စီမံကာ တက်တက်ကြွကြွ ကူညီလုပ်ကိုင် ဆောင်ရွက်ကြပါသည်။သို့ရာတွင် ဖွံ့ဖြိုးရေးဆိုင်ရာ အဖွဲ့အစည်းတစ်ခုအနေဖြင့် စီမံခန့်ခွဲမှုစနစ် ပိုမိုအားကောင်းနိုင်စေရန် စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများကို တက်ရောက်သင်ယူခွင့် ရရှိနိုင်ပါကပိုမိုကောင်းမွန်၍ တိုးတက်လာနိုင်ပါသည်။

**(ခ)စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**

ကျေးရွာ၏ အဓိက ဝင်ငွေရသော စီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်း ဖြစ်ပါသည်။ ကျေးရွာ တွင် စုစုပေါင်း စိုက်ပျိုးမြေ (၁၄၈၈.၇၁) ဧက ရှိပြီး စပါးအပြင် သီးထပ်အဖြစ် ကုလားပဲ ၊ ပဲတီစိမ်း၊ နှမ်း၊ CP ပြောင်း၊ မြေပဲသီးနှံများကို စိုက်ပျိုးကြပါသည်။ တစ်ဧကလျှင် စပါးထွက်နှုန်းမှာ တင်း(၈၀) ခန့်၊ ကုလားပဲထွက်နှုန်းမှာ တင်း(၂၀)ခန့် ၊ ပဲတီစိမ်းထွက်နှုန်းမှာ တင်း(၁၀)ခန့်၊ နှမ်းထွက်နှုန်းမှာ တင်း(၁၂)တင်းခန့်၊ မြေပဲထွက်နှုန်းမှာ တင်း(၆၀)ခန့် ထွက်ရှိသော်လည်း ဈေးကွက်အခြေအနေများကြောင့်လည်းကောင်း၊ မြို့ပြဈေးကွက်အထိ ဆင့်ကဲဆင့်ကဲ သယ်ယူပို့ဆောင်ရသောကြောင့် လည်းကောင်း၊ သဘာဝဘေးဒဏ်များ ခံရ သော်ကြောင့် လည်းကောင်း တောင်သူများ အကျိုးအမြတ်ထိရောက်စွာ မရကြသဖြင့် တောင်သူကြီး များပင်လျှင် ကြွေးမြီများ တင်ကြပါသည်။

မိရိုးဖလာ တောင်သူလုပ်ငန်းများကို စွန့်ခွာ၍ အခြားဝင်ငွေရလုပ်ငန်းများအနေဖြင့် နိုင်ငံတွင်း တခြားမြို့ရွာများတွင် ဈေးရောင်းခြင်း၊ စက်ရုံအလုပ်ရုံများတွင် နေ့စား၊ လခစားများဖြင့် အသက်မွေးမှု ပြုကြပါသည်။ နိုင်ငံရပ်ခြားများတွင် သွားရောက်အလုပ်လုပ်ကိုင်သူများရှိသလို အခြားအသေးစားလုပ်ငန်းများကိုလည်း ကျေးရွာမှာပင် နေထိုင်လုပ်ကိုင်ရုန်းကန်၍ အသက်မွေးဝမ်းကျောင်း ပြုကြပါသည်။

မွေးမြူရေးလုပ်ငန်းအနေဖြင့် နွားများကို တောင်သူလုပ်ငန်းထွန်ယက်စိုက်ပျိုးရန်အတွက် မွေးမြူထားသော အိမ်ထောင်စုမှာ (၇၈) ရာခိုင်နှုန်းရှိပြီး နွားအကောင်ရေ (၁၄၇၇) ကောင် ရှိပါသည်။ မြင်းများကို မြန်မာ့ရိုးရာ ဓလေ့အလှူပွဲများ၊ ရှင်လောင်းလှည့်များတွင် အဌားလိုက်ရန် မွေးမြူသော အိမ်ထောင်စု (၁၀)စု ရှိပြီး မွေးမြူသူဦးရေ အလွန်နည်းပါသည်။ တနိုင်တပိုင် ဝက်နှင့်ကြက် မွေးမြူကြသော အိမ်ထောင်စု အနည်းငယ်ရှိသော်လည်း ကျေးရွာမှ အိမ်ထောင်စုများသည် တနိုင်တပိုင် မွေးမြူရေးလုပ်ကိုင်သူ အလွန်နည်းပါးကြောင်း တွေ့ရှိရပါသည်။

**(ဂ)အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ**

ကျေးရွာတွင် ကျေးရွာသူ/သား အားလုံးသည် အဝီစိရေတွင်းများ ကိုယ်ပိုင်တူးကာ ကျေးရွာအိမ်ထောင်စု ၉၀%ခန့် သန့်ရှင်းသော သောက်သုံးရေအဖြစ် တစ်နှစ်ပတ်လုံး လုံလောက်စွာ သုံးစွဲနိုင်ကြပါသည်။

ကျေးရွာတွင် ညောင်ပင်ရွာ၊ မင်းရွာ၊ ကိုင်းရွာ၊ မြေတော်ရွာ တို့နှင့် ဆက်သွယ်နိုင်သော ချောင်းကူးတံတားများရှိရာ ကိုယ်ထူကိုယ်ထ စုပေါင်းစွမ်းအားဖြင့် တံတား (၃)စင်း၊ သရဖူဆရာတော်ကြီး တည်ဆောက်ပေးသော ပြည်တော်သာ တံတား (၁)စင်းနှင့် ပြည်သူ့လွှတ်တော်ရန်ပုံငွေဖြင့် ကျေးရွာချင်းဆက် ချောင်းမကြီး တံတား(၁)စင်း ၊ စုစုပေါင်း ကွန်ကရစ်တံတား (၅)စင်းဖြင့် ဆက်သွယ်သွားလာလျက် ရှိပါသည်။

ကျေးရွာတွင် အလယ်တန်းကျောင်း(၁)ကျောင်းရှိပြီး အထက်တန်း ကျောင်းသား/သူများသည် ကျေးရွာနှင့် (၂)မိုင်ကျော်ခန့်ဝေးသော မြေတော်ကျေးရွာနှင့် (၆)မိုင်ခန့်ဝေးသော မြင်းခြံမြို့နှင့် ရေစကြိုမြို့တို့တွင် သွားရောက် ပညာသင်ကြားကြပါသည်။ ကျေးရွာရှိ အလယ်တန်းကျောင်းတွင် အလျား (၉၀') ၊ အနံ(၃၀') ရှိသော မူလတန်းကျောင်းဆောင်နှင့် အလျား(၁၂၀')၊ အနံ(၃၀') ရှိသော အလယ်တန်းကျောင်းဆောင်တို့မှာ တစ်ထပ် သစ်သားအုတ်ညှပ်ဖြစ်ပြီး အရည်အသွေး ကောင်းမွန်မှု ရှိပါသည်။ ကျောင်းသူကျောင်းသားများအတွက် သောက်သုံးရေကို ကျောင်းဝင်းအတွင်းရှိ အဝီစိ စက်တပ်ရေတွင်းမှ ရယူကာ ရေသန့်စက်ဖြင့် သန့်စင်ပြီး သောက်သုံးကြပါသည်။ သို့သော် တာဝန်ကျဆရာမ/ဆရာများ နေထိုင်ရန် အဆောက်အဦ မရှိခြင်းနှင့် ကျေးရွာတွင် အိမ်ငှား နေထိုင်ရန်မလွယ်ကူခြင်းတို့ကြောင့် ပညာရေးဝန်ထမ်း ဆရာ/ဆရာမများ နေထိုင်ရန် ခက်ခဲမှု ရှိသဖြင့် ပညာရေးဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာချထားပေးရန် တင်ပြတောင်းခံသွားမည် ဖြစ်ပါသည်။

ကျန်းမားရေးဝန်ဆောင်မှုများအတွက် ကျေးရွာတွင် ကျေးလက် ကျန်းမာရေး ဌာန ရှိပြီး အရေးပေါ် ကျန်းမာရေးအခြေအနေများတွင် တိုက်နယ်ဆေးရုံရှိသော မြေတော်ကျေးရွာနှင့် ရေစကြို၊ မြင်းခြံ၊ ပခုက္ကူနှင့် မန္တလေးမြို့ရှိ ဆေးရုံဆေးခန်းများကိုသာ အားကိုးအားထားပြု၍ သွားရောက် ကုသကြရပါသည်။

ကျေးရွာတွင် မီးလင်းရေးအတွက် အိမ်ထောင်စု (၃၉) ရာခိုင်နှုန်းခန့်မှာ ဆိုလာများ သုံးစွဲကြပြီး ကိုယ်ပိုင်အိမ်သုံးဒီဇယ်အင်ဂျင်များသုံးစွဲသည့် အိမ်ထောင်စု (၁.၄)ရာခိုင်နှုန်းနှင့် ဧဝလောင်စာ သုံးစွဲသော အိမ်ထောင်စု (၂၄%)ခန့် ရှိပါသည်။ ဧဝလောင်စာမှာ ကျေးရွာရှိ ဦးတင်ဆောင်း အိမ်မှ ရရှိ၍ အိမ်ခြေ(၁၁၄)ခန့် သုံးစွဲကြပြီး မီးသီးမီးချောင်းများအတွက်

တစ်လလျှင် (၂၀၀၀)ကျပ်၊ တီဗီသုံးစွဲမှုရှိလျှင် တစ်လ(၄၀၀၀) ကျပ်နှုန်းဖြင့် တစ်ည (၂) နာရီခွဲခန့် မီးရရှိပြီး ကျန်အချိန်များတွင် ဆိုလာနှင့် ဒီဇယ်အင်ဂျင်များအား တစ်လှည့်စီ သုံးစွဲကြပါသည်။ ကျန် (၄၀) ရာခိုင်နှုန်းခန့်သာ ဘတ္ထရီ၊ဖယောင်းတိုင် စသည်တို့ အသုံးပြုကြ ပါသည်။ ပါရမီကုမ္ပဏီမှ ကျေးရွာ(၂၃)ရွာအား ငတရော်ကျေးရွာအခြေစိုက်ပြီး ဆောင်ရွက်မည့် ဆိုလာ(Mini-Grid)စနစ်ဖြင့် လျှပ်စစ်မီးရရှိရန် လျာထားဆောင်ရွက်လျက် ရှိပါသည်။

ကျေးရွာတွင်း လမ်းများသည် မြေသားလမ်းများဖြစ်သောကြောင့် မိုးရာသီတွင် ဗွက်များ ထူထပ်ပြီး သွားလာရန် ခက်ခဲပါသည်။ထို့ကြောင့် မြေနီ ကျောက်စရစ် လမ်းအဖြစ် အဆင့် မြှင့်တင်လျှင် ကျေးရွာတွင်း သွားလာရပိုမိုလွယ်မည်ဖြစ်ပြီး ရွာသူရွာသားများအတွက် ပိုမို အကျိုးရှိ မည် ဖြစ်သဖြင့် ကျေးရွာတွင်းလမ်းများ မြေနီကျောက်စရစ် လမ်းခင်းခြင်းသည် ကျေးရွာဖွံ့ဖြိုးရေး အတွက် ပထမဦးစားပေး စီမံချက်ဖြစ်ပါသည်။

**(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု**

ငွေကြေးဝန်ဆောင်မှုအနေဖြင့် တောင်သူလယ်သမားများအတွက် လိုအပ်သော စိုက်ပျိုးရေး စရိတ်ကို မိုးစပါးအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တစ်ဧကလျှင် (၁၅၀၀၀၀) ကျပ်နှုန်း၊ ကိုင်းသီးနှံအတွက် တစ်ဧကလျှင် (၅၀၀၀၀)ကျပ်နှုန်းတို့အား (၆)လ ဆပ်စနစ်ဖြင့် ချေးငွေရရှိပါသည်။ အမျိုးသမီးများသာ ပါဝင်သော ပတ်မြန်မာအဖွဲ့ ဖွဲ့စည်းထားရှိပြီး ချေးငွေများကို ထုတ်ချေးသည့်အပြင် အကျိုးအမြတ်များကို အသင်းဝင်များအတွက် ထောက်ပံ့ငွေများ အနည်းငယ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

**(င) ပညာရေး**

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အသင့်အတင့်သာ ရှိကြောင်း တွေ့ရှိရပါသည်။ တွေ့ရှိရပါသည်။ရွာသားအများစုသည် အခြေခံအရေး၊အဖတ်၊အတွက်တို့ကို တတ်မြောက်ကြပြီး တက္ကသိုလ် ပညာရပ်များဖြင့် ဘွဲ့ရသူများလည်း ရှိပါသည်။ ကျေးရွာတွင်အခြေခံပညာ အလယ်တန်းကျောင်းရှိပြီး ကျောင်းဆောင်လုံလောက်မှုရှိသော်လည်း ကျောင်းသားဦးရေများပြီး ကျောင်းဆရာ/မ (၁၁)သာ ရှိသဖြင့် ပညာရေးဝန်ထမ်းများ အင်အားနည်းပါသည်။ အထက်တန်းအဆင့်အတွက် ကျေးရွာနှင့် (၂)မိုင်ကျော်ခန့် ဝေးသော မြေတော်ကျေးရွာနှင့် (၆)မိုင်ခန့်ဝေးသော မြင်းခြံမြို့နှင့် ရေစကြို့မြို့တို့တွင် သွားရောက်ပညာသင်ကြရသဖြင့် အများစုမှာ

အလယ်တန်းအောင် အဆင့်သာ ရှိကြပြီး အထက်တန်းအောင် အဆင့်လည်း အနည်းငယ်ရှိပါသည်။ အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှု သင်တန်းများ လက်လှမ်းမမီသောကြောင့် တောင်သူလုပ်ငန်းများသာ လုပ်ကိုင်စားသောက်ကြပါသည်။

**(စ) ကျန်းမာရေး**

ကျေးရွာသူ/သားများသည် အများအားဖြင့် ကျန်းမာရေးကောင်းမွန်ကြပါသည်။ ကူးစက်ရောဂါဖြစ်ပွားမှု မရှိသလောက်နည်းပါးပြီး မိုးရာသီတွင် ဖြစ်ပွားသော သွေးလွန်တုပ်ကွေး ၊ ဝမ်းပျက်ဝမ်းလျှောခြင်းဆိုး ရောဂါများ အဖြစ်များပါသည်။ သွေးတိုး၊ ဆီးချိုနှင့် တီဗီရောဂါများသည် လူကြီးပိုင်းများတွင် အဖြစ်များတတ်ပါသည်။ကျန်းမာရေးစောင့်ရှောက်မှု အနေဖြင့် ကျေးလက် ကျန်းမာရေး ဌာန ရှိသော်လည်း အရေးပေါ် ကျန်းမာရေးအခြေအနေများတွင် ရေစကြို၊ ပခုက္ကူနှင့် မန္တလေးမြို့ရှိ ဆေးရုံဆေးခန်းများကိုသာ အားကိုးအားထားပြု၍ သွားရောက်ကုသကြရပါသည်။ ပထဝီမြေပြင်အနေအထားအရ လမ်းပန်းဆက်သွယ်ရေး အခက်အခဲများရှိသောကြောင့် အသက်အန္တရာယ် ထိခိုက်မှုများလည်း ကြုံတွေ့ရတတ်ပါသည်။ ကျေးရွာသည် ကျွန်း၏ အလယ်တည့်တည့် တွင် တည်ရှိသည့်အပြင် ရွာကြီးဖြစ်သဖြင့် ကျေးလက်ဆေးပေးခန်းဌာနကြီးအဖြစ်အဆင့် မြှင့်တင်လျှင် ကျန်းမာရေး ဝန်ဆောင်မှုများအား ပိုမိုထိရောက်စွာ ရရှိနိုင်မည် ဖြစ်ပါသည်။

**(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ကျေးရွာလယ်မြေများသည် နှစ်စဉ် စပါးစိုက်ပျိုးခြင်း၊သီးထပ်အဖြစ် စိုက်ပျိုးခြင်း၊ ဓါတုကွန်ပေါင်း မြေဩဇာများ အသုံးပြုခြင်း၊ သဘာဝမြေဆီများဖြစ်သော နွားချေး၊ သစ်ရွက်ဆွေး မြေဩဇာများ နှစ်စဉ် လုံလောက်စွာ ထည့်သွင်းသုံးစွဲမှု မရှိခြင်းတို့ကြောင့် မြေဆီလွှာပျက်စီးမှုများ ကြုံတွေ့နေရပါသည်။ ဆောင်းသီးနှံများ စိုက်ပျိုးသည့် စိုက်ခင်းများတွင် ပိုးသတ်ဆေးများ သုံးစွဲသည့်အခါ ထိခိုက်မှု အန္တရာယ် လျော့ပါးရေးအတွက် ဘေးကင်းလုံခြုံမှု ရှိရန် လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများကို စနစ်တကျ လိုက်နာမှု မရှိကြောင်း တွေ့ရှိရပါသည်။ထို့ကြောင့် စိုက်ပျိုးရေးနည်းပညာပေး သင်တန်းများ၊ အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ပေးနိုင်လျှင် စိုက်ပျိုးရေးကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုအား လျော့ချနိုင်မည် ဖြစ်ပါသည်။

**(၈)ကျား – မ ရေးရာ**

ကျားမဆိုင်ရာအခွင့်အရေးအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများတွင် အမျိုးသားများက ဦးဆောင်လေ့ရှိသည်။ အမျိုးသမီးများသည် အိမ်တွင်းမှုလုပ်ငန်းများဖြစ်သော ထမင်းချက်၊ ရေခပ်၊ ကလေးထိန်းခြင်း စသောကိစ္စများနှင့် တောင်သူလုပ်ငန်းများဖြင့်သာ အချိန်ကုန်ကြရသည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသားများကသာ ရှေ့ကဦးဆောင် လုပ်ကိုင်ရသော လယ်ထွန်စက်များ မောင်းခြင်း၊ ထွန်ယက်ခြင်းများ လုပ်ကိုင်ကြပြီး အမျိုးသမီးများ အနေဖြင့် ပေါင်းနှုတ် ခြင်း၊ ကောက်စိုက်ခြင်းစသည့် လုပ်ငန်းများ လုပ်ကြသည်။ ကျေးရွာ သာရေးနာရေးနှင့် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများတွင်လည်း အမျိုးသားများ အမျိုးသမီး တက်ညီလက်ညီ ပါဝင်ဆောင်ရွက်ကြပါသည်။ သို့ရာတွင် ကျားမတန်းတူ ညီမျှမှု အခွင့်အရေးအရ ဒေသတွင်း အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုကိစ္စရပ်များတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍ ပါဝင်မှုမရှိသေးကြောင်း တွေ့ရသည်။ ထို့ကြောင့် ကျားမ တန်းတူညီမျှမှု အခွင့်အရေးရရှိမှုတို့အတွက် အသိပညာပေးခြင်းများ မြှင့်တင်ဆောင်ရွက်သင့်ကြောင်း တွေ့ရှိရပါသည်။မူလတန်းကျောင်း ပညာရေးမှ တက္ကသိုလ် ပညာရေးထိ ကျားမတန်းတူ အခွင့်အရေးရှိသော်လည်း အသိပညာဗဟုသုတ နည်းသဖြင့် အခြားတစ်ပိုင်တစ်နိုင် အသက်မွေးမှုအတတ်ပညာများတွင် အားနည်းကြောင်း တွေ့ရပါသည်။

**၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ**

| စဉ် | ကဏ္ဍ | ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း | ဦးစားပေးအဆင့် |
|---|---|---|---|
| ၁ | လမ်း၊တံတား | ရွာတွင်းလမ်းများမြေနီ ကျောက်စရစ်ခင်းခြင်း | ၁ |
| ၂ | လမ်း၊တံတား | ကုန်ထုတ်လမ်း မြေနီ ကျောက်စရစ်ခင်းခြင်း | ၂ |
| ၃ | ပညာရေး | ပညာရေးဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာ ချထားပေးရန် | ၃ |
| ၄ | စိုက်ပျိုးရေး | စိုက်ပျိုးရေးပညာပေး သင်တန်းများ ပို့ချပေးခြင်း | ၄ |
| ၅ | ပညာရေး | ပညာရေးဝန်ထမ်းများ ထပ်မံချထားပေးရန် | ၅ |
| ၆ | လူငယ် | အသက်မွေးဝမ်းကျောင်းပညာပေးသင်တန်းများ ဖွင့်လှစ်ခြင်း | ၆ |

**ကျေးရွာဖွံ့ဖြိုးရေး လက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ**

**(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၉ | ၁၁ | ၂၀ |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၄၄ | ၃၇ | ၈၁ |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၅၂ | ၅၆ | ၁၀၈ |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၅၃ | ၅၂ | ၁၀၅ |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၇၃၈ | ၈၃၄ | ၁၅၇၂ |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၈၃ | ၁၁၅ | ၁၉၈ |
| **စုစုပေါင်း** | | ၉၇၉ | ၁၁၀၅ | ၂၀၈၄ |
| **စုစုပေါင်း အိမ်ထောင်စု** | | | | ၅၁၆ |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေမှာ (၇၄%)ခန့်ရှိပြီး အများစုမှာ လယ်ယာလုပ်ငန်းများကိုသာ လုပ်ကိုင်ကြပါသည်။သက်ကြီးရွယ်အို (၉%)ခန့်ရှိပြီး အများစုမှာ မိသားစုနှင့်အတူ နေထိုင်ကြသော်လည်း (၃)ဦးမှာ ကျေးရွာနှင့် ဘုန်းကြီးကျောင်းမှ ထောက်ပံ့ထားသည်ကို လေ့လာ တွေ့ရှိရပါသည်။

**(၂) သဘာဝရင်းမြစ်နှင့် ရာသီဥတုအခြေအနေ**

**(၂-၁) ကျေးရွာ၏ မြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်များ**

**ဇယား (၂) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| လယ်မြေ | ၈၀၆.၁၉ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၀.၀၀ | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၀.၀၀ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ကိုင်း / ကျွန်းမြေ | ၇၈၇.၇၀ | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ခနိတောမြေ | ၀.၀၀ | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| စားကျက်မြေ | ၀.၀၀ | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| မြေလွတ် မြေလပ် | ၀.၅၀ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| **စုစုပေါင်း** | ၁၅၉၄.၃၉ | ☒ |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

လေ့လာတွေ့ရှိချက်။ ။ စိုက်ပျိုးမြေများသည် မြေပြန့်ဒေသ လယ်ယာမြေနှင့်ကျွန်းဖြစ်ပြီး မြေဆီမြေလွှာ အသင့်အတင့် ကောင်းမွန်သော်လည်း ရေနည်းကာလ နွေရာသီအချိန်တွင် အားကိုးအားထားပြုနိုင်သည့် ဆည်မြောင်းတာတမံများ သီးခြားမရှိခြင်းကြောင့် အဝီစိရေတွင်းများတူးကာ မြေအောက်ရေကို ရေစုပ်စက်ဖြင့် ထုတ်ယူအသုံးပြု၍ စိုက်ပျိုးမှုကို ဆောင်ရွက်ကြပါသည်။စပါးရိတ်သိမ်းပြီးပါက သီးထပ်အဖြစ် ကုလားပဲ ၊ ပဲတီစိမ်း၊ နှမ်း၊ CP ပြောင်း၊ မြေပဲသီးနှံများကို ထပ်မံစိုက်ပျိုးကြပါသည်။

**(၂-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ**

**ဇယား (၃) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ**

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | များ ☐ သင့် ☐<br>နည်း ☐ မရှိ ☑ | လွယ် ☐ ခက် ☐<br>အသုံးမပြုနိုင်ပါ ☐ |
| ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ | များ ☐ သင့် ☑<br>နည်း ☐ မရှိ ☐ | လွယ် ☐ ခက် ☑<br>အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ အပင်မျိုးစိတ်များ | များ ☐ သင့် ☑ | လွယ် ☑ ခ |

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| (နွားစာ၊ဆေးဘက်ဝင်အပင်များ) | နည်း ☐ မရှိ ☐ | က် ☐ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့် ☐<br>နည်း ☐ မရှိ ☑ | ☒ |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာမှ ပွင့်လင်းရာသီတွင် သဲများ လုံလောက်စွာ ရရှိနိုင်သော်လည်း သယ်ယူရန် ခက်ခဲပါသည်။ သဘာဝအပင်မျိုးစိတ်များအဖြစ် တောင်သူများမှ နွားစာများကို မိမိတို့ လယ်/ယာ မှ ထွက်သော ကောက်ရိုး၊ ပဲမှော်၊ ပြောင်းဖူးများ ဖူလုံမှု ရှိပြီး ဆေးဖက်ဝင်အပင်များ ပေါက်ရောက်မှု နည်းပါးပါသည်။

(၃) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှု အခြေအနေ

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | ဖြူစင်မေတ္တာ | ၁ ☐<br>၂ ☑<br>၃ ☐ | ၀ | ၀ | ၀ | ပညာရေး ☑ငွေကြေး ☐<br>ကျန်းမာရေး ☑ဘာသာရေး☑<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး☑<br>လုံခြုံရေးနှင့်ကာကွယ်ရေး ☐ | ကောင်း☑<br>သင့် ☐<br>ညံ့ ☐ |
| ၂ | လူငယ်အဖွဲ့ | ၁ ☐<br>၂ ☑<br>၃ ☐ | ၀ | ၀ | ၀ | ပညာရေး☐ငွေကြေး ☐<br>ကျန်းမာရေး☐ဘာသာရေး☑<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး☑<br>လုံခြုံရေးနှင့်ကာကွယ်ရေး ☐ | ကောင်း☑<br>သင့် ☐<br>ညံ့ ☐ |

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၃ | ဝတ်အသင်း | ၁ ☐<br>၂ ☑<br>၃ ☐ | ၀ | ၀ | ၀ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး ☑စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး☐<br>လုံခြုံရေးနှင့်ကာကွယ်ရေး ☐ | ကောင်း☐<br>သင့် ☑<br>ညံ့ ☐ |
| ၄ | မီးကော်မတီ | ၁ ☐<br>၂ ☑<br>၃ ☐ | ၀ | ၀ | ၀ | ပညာရေး☐ငွေကြေး☑<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☐လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း☐<br>သင့် ☑<br>ညံ့ ☐ |
| ၅ | အမျိုးသားအဖွဲ့ | ၁ ☐<br>၂ ☑<br>၃ ☐ | ၀ | ၀ | ၀ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း☐<br>သင့် ☑<br>ညံ့ ☐ |
| ၆ | လမ်း ကော်မတီ | ၁ ☐<br>၂ ☑<br>၃ ☐ | ၀ | ၀ | ၀ | ပညာရေး☐ငွေကြေး☑<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☑လုံခြုံရေးနှင့်ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ☑<br>ညံ့ ☐ |
| ၇ | ရပ်မိရပ်ဖအဖွဲ့ | ၁ ☐<br>၂ ☑<br>၃ ☐ | ၀ | ၀ | ၀ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐ | ကောင်း☐<br>သင့် ☑<br>ညံ့ ☐ |

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| | | | | | | သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့်ကာကွယ်ရေး ☐ | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။အထက်ပါ အဖွဲ့အသီးသီးတို့မှ မိမိတို့နှင့် သက်ဆိုင်ရာ ကဏ္ဍအလိုက် အများအကျိုးပြုလုပ်ငန်းများကို အချိန်နှင့်တပြေးညီ စနစ်တကျ စီမံကာ တက်တက်ကြွကြွ ကူညီလုပ်ကိုင်ဆောင်ရွက်ကြပါသည်။အဖွဲ့အစည်းများ ရှိခြင်းကြောင့် ကျေးရွာ၏ သာရေး၊ နာရေး၊ လူမှုဖွံ့ဖြိုးရေး ၊ လုံခြုံရေးနှင့် ကာကွယ်ရေးတို့တွင် များစွာ အထောက်အကူပြုပါသည်။

**(၄)စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**

**(၄.၁)ဥစ္စာဓနအဆင့် အခြေအနေ**

**ဇယား (၅)ဥစ္စာဓနအဆင့် အခြေအနေ**

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် | များ | အသင့်အတင့် | နည်း | မရှိ |

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သောအိမ်ထောင်စု |
| ဆိုင်သော ပိုင်ဆိုင်မှု | | | | |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၅၁ | ၁၇၄ | ၂၈၄ | ၇ |

**ရင်းမြစ် ... (၁ ) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စု(၂၃%) ခန့်ရှိပြီး မြေယာပိုင်ဆိုင်မှု (၅-၂၀) ဧကကြား၊ အိမ်ပိုင်ဆိုင်မှုအခြေအနေ ၂ထပ်တိုက်နှင့် ပျဉ်ထောင် ၂ ထပ်နှင့် လယ်ထွန်စက်၊ ဆိုင်ကယ်၊ ထော်လာကျီများပိုင်ဆိုင်ကြပြီး စပါးခွဲစက်၊ ပဲခွဲစက်၊ပြောင်းဖူးချေစက်များရှိကြသည်။ အလယ်အလတ်ရှိသော အိမ်ထောင်စု (၃၃%)ခန့်ရှိပြီး မြေယာပိုင်ဆိုင်မှု (၂-၅) ဧကကြား၊ အိမ်ပိုင်ဆိုင်မှုအခြေအနေ ၂ထပ်အိမ်နှင့် ထရံကာ၊ သွပ်မိုးအိမ်နှင့် လယ်ထွန်စက်၊လက်တွန်းထွန်စက်များပိုင်ဆိုင်ကြသည်။ မပြေလည်သော အိမ်ထောင်စုမှာ (၅၅%) ခန့်ရှိပြီး မြေယာပိုင်ဆိုင်မှု (၀-၂) ဧကကြား၊ အိမ်ပိုင်ဆိုင်မှုအခြေအနေ ထရံကာ၊ ၁ ထပ်၊သွပ်မိုးအိမ်များပိုင်ဆိုင်ကြသည်။အလွန်မပြေလည်သော အိမ်ထောင်စုမှာ မြေယာမဲ့အိမ်ထောင်စု (၇) စုခန့်သာရှိသဖြင့် အလွန်နည်းပါးကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၄.၂) သီးနှံထုတ်လုပ်ရေး

### (၄.၂.၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

**ဧယား (၆) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | ဖွဲ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|
| ၁ | မြေယာမဲ့ | ၇ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ဧကအောက် | ၂၈၄ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ဧကမှ ၅ ဧက ကြား | ၁၇၄ | တောင်သူငယ် |
| ၄ | ၅ ဧကမှ ၁၂.၅ ဧက ကြား | ၄၇ | တောင်သူလတ် |
| ၅ | ၁၂.၅ ဧက အထက် | ၄ | တောင်သူကြီး |
| **ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း** | | ၅၁၆ | ☒ |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် တောင်သူကြီး(၄) ဦး ခန့်၊ တောင်သူလတ် (၁၀%)ခန့်ရှိပြီး တောင်သူငယ် (၃၃.၇%) ခန့်၊ ဆင်းရဲသားတောင်သူ(၅၅%) ခန့်ရှိပြီး မြေယာမဲ့ အိမ်ထောင်စု (၇) စုသာ ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(၄.၂.၂.) အဓိကသီးနှံများနှင့် အထွက်နှုန်း**

**ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း**

| သီးနှံ | စုစုပေါင်းစိုက်ကွက် | တစ်ဧက အထွက်နှုန်း | | | | သီးနှံစိုက်ပျိုးသည့်ကာလ | | သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | မှ | ထိ | | |
| စပါး | ၇၆၆ | တင်း | ၇၀ | ၁၀၀ | ၈၅ | | | မြင့် ☑လတ် ☐နိမ့် ☐ | မြင့် ☐လတ် ☑နိမ့် ☐ |
| ကုလားပဲ | ၀ | တင်း | ၁၅ | ၂၅ | ၂၀ | | | မြင့် ☐လတ် ☑နိမ့် ☐ | မြင့် ☐လတ် ☑နိမ့် ☐ |
| CP ပြောင်း | ၀ | တင်း | ၇၀ | ၁၀၀ | ၈၅ | | | မြင့် ☐လတ် ☑နိမ့် ☐ | မြင့် ☐လတ် ☑နိမ့် ☐ |
| ပဲတီစိမ်း | ၀ | တင်း | ၈ | ၁၅ | ၁၁.၅ | | | မြင့် ☐လတ် ☑နိမ့် ☐ | မြင့် ☐လတ် ☑နိမ့် ☐ |
| နှမ်း | ၀ | တင်း | ၁၀ | ၁၅ | ၁၂.၅ | | | မြင့် ☐လတ် ☑နိမ့် ☐ | မြင့် ☐လတ် ☑နိမ့် ☐ |
| မြေပဲ | ၀ | တင်း | ၅၀ | ၇၅ | ၆၂.၅ | | | မြင့် ☐လတ် ☑နိမ့် ☐ | မြင့် ☐လတ် ☑နိမ့် ☐ |

**ရင်းမြစ် ...ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။**

လေ့လာတွေ့ရှိချက်။ စပါးအပြင် သီးထပ်အဖြစ် ကုလားပဲ ၊ ပဲတီစိမ်း၊ နှမ်း၊ CP ပြောင်း၊ မြေပဲသီးနှံများကို စိုက်ပျိုးကြပါသည်။စပါးနှင့် အခြားသီးနှံများ အထွက်ကောင်းရန် မျိုးကောင်းမျိုးသန့်များ ရရှိရန် အထူးလိုအပ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**(၄.၃) မွေးမြူရေးလုပ်ငန်း**

**ဇယား (၈) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ**

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| **မွေးမြူရေး** | | |
| နွား | ၄၁၁ | ၁၅၉၁ |
| နို့စားနွား | ၀ | ၀ |
| ကျွဲ | ၁ | ၁ |
| မြင်း | ၉ | ၁၂ |
| မြည်း | ၀ | ၀ |
| လား | ၀ | ၀ |
| ဆိတ် | ၀ | ၀ |
| သိုး | ၀ | ၀ |
| ဝက် | ၈ | ၂၆ |
| ကြက် | ၂ | ၇ |
| ဘဲ | ၀ | ၀ |
| နွားနောက် | ၀ | ၀ |
| **ငါးလုပ်ငန်း** | | |
| ငါးကန် | ၀ | ၀ |
| ပုဇွန်ကန် | ၀ | ၀ |
| ဂဏန်း မွေးမြူရေးလုပ်ငန်း | ၀ | ၀ |
| ရေချို ငါးဖမ်းလုပ်ငန်း | ၀ | ၀ |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | ၀ | ၀ |

**ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။မွေးမြူရေးလုပ်ငန်းအနေဖြင့် နွားများကို တောင်သူလုပ်ငန်း ထွန်ယက်စိုက်ပျိုးရန် အတွက် မွေးမြူထားသော အိမ်ထောင်စုမှာ (၇၈) ရာခိုင်နှုန်းရှိပြီး မြင်းများကို မြန်မာ့ရိုးရာ ဓလေ့အလှူပွဲများ၊ ရှင်လောင်းလှည့်များတွင် အင်္ဂါးလိုက်ရန် အိမ်ထောင်စု (၁၀) စုမှ မွေးမြူကြပြီး မွေးမြူသူဦးရေ အလွန်နည်းပါသည်။ တနိုင်တပိုင် ဝက်နှင့်ကြက် မွေးမြူကြသော အိမ်ထောင်စု အနည်းငယ်ရှိသော်လည်း ကျေးရွာမှ အိမ်ထောင်စုများသည် တနိုင်တပိုင် မွေးမြူရေးလုပ်ကိုင်သူ အလွန်နည်းပါးကြောင်း တွေ့ရှိရပါသည်။

## (၄.၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

### ဇယား (၉) စိုက်ပျိုးမွေးမြူရေး မဟုတ်သော စီးပွားရေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်☐ လတ်☐ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၄ | သစ်တောလုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅ | ၃၃ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေထုတ်ဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၁ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၇ | ၂ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | ၀ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၄ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၁ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃၂ | ၅၃ | ၀ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၆ | ၀ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၄ | **ငွေရေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၁ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
